ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

(၂၉)ရက်မြောက်နေ့ အစီအစဉ်

[ ၁၉–၅– ၂၀၁၆ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ ကောလင်းမြို့နယ်၊ ကျောက်ပုထိုးဒေသ ရွှေတူးဖော်ရေးလုပ်ငန်းကို ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုများအား စနစ်တကျလေ့လာ ဆန်းစစ်မှု ပြု၍ ပတ်ဝန်းကျင်လူနေမှုဘဝ ထိခိုက်မှု မရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်ပေးနိုင်ပါမည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ မောက်မယ် မြို့နယ်တွင် (GSM) ဖုန်းလိုင်းများ ဆက်သွယ်အသုံးပြုခွင့် ရရှိရေး အတွက် မည်သည့်အခက်အခဲများကြောင့် ကြန့်ကြာနေရပါသနည်း၊ မည်သည့်အချိန်ကာလတွင် အသုံးပြုခွင့် ရရှိနိုင်မည်တို့ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက “ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” ကို တင်သွင်းခြင်း၊

၇။ “ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် “ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တရားစီရင်ရေး နှင့် ဥပဒေရေးရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။